# ကားအတွင်း ကလေးများနှင့် ခရီးသွားခြင်း

အသက် 7 နှစ်အောက် ကလေးအားလုံးသည် ကားအတွင်းရှိပြီး ခရီးသွားသည့်အခါ ကလေးထိုင်ခုံတစ်ခုကို သုံးရမည်ဖြစ်ကြောင်း သြစတြေးလျှန်း တရားဥပဒေက ပြဋ္ဌာန်းထားသည်။ ၎င်းသည် အကယ်၍ သူတို့မှာ ယာဉ်တိုက်မှုတစ်ခုတွင်ပါဝင်နေလျှင် ဒဏ်ရာ ရရှိခြင်းမှ ကာကွယ်ရန် ဖြစ်သည်။

လိုအပ်သည့် ကလေးထိုင်ခုံအမျိုးအစားမှာ ကလေး၏အသက်အရွယ်နှင့် အရွယ်အစားပေါ် မူတည်သည်။ ကလေးထိုင်ခုံမှာ ကလေးနှင့်အနေတော် အရွယ်အစားဖြစ်ရမည်၊ အသေအချာ သိုင်းကြိုးကိုဆွဲစိပြီး ချည်နှောင်ထားရမည့်ပြင် ကားတွင် မှန်ကန်စွာဖြင့် တပ်ဆင်ထားရမည်ဖြစ်သည်။

Burmese

EARLY LEARNING ASSOCIATION AUSTRALIA

## ကလေး အသက်အရွယ် 0-6 လ

အနောက်ဖက်ကို မျက်နှာမူ၍ထိုင်ရသည့် ကလေးထိုင်ခုံဖြင့်သာ ခရီးသွားရမည်။ ကလေးထိုင်ခုံမှာ ကားနောက်ခုံတွင် ဖြစ်ရမည် - ရှေ့ခုံတွင် မဖြစ်ရ။

## ကလေးများ အသက်အရွယ် 6 လ မှ 4 နှစ်

- ၎င်းတို့၏ အရွယ်အစားပေါ် မူတည်၍ နောက်ဖက် မျက်နှာမူ ထိုင်သည့် ကလေးထိုင်ခုံဖြင့်ဖြစ်စေ သို့မဟုတ် သိုင်းကြိုးအဆင့်တပ်ဆင်ထားသည့် အရှေ့ဖက် မျက်နှာမူထိုင်သော ကားထိုင်ခုံဖြင့် ဖြစ်စေ ခရီးသွားနိုင်သည် ကလေးသည် ကလေးထိုင်ခုံကို ကားနောက်ဖက်ထိုင်ခုံတွင်သာတပ်ဆင်၍ ခရီးသွားရမည် - ကားရှေ့ထိုင်ခုံတွင် မဟုတ်ပါ။
- ယခုအခါတွင် အသက်အရွယ် 8 နှစ် အထိ ကလေးများအတွက် သိုင်းကြိုးအသင့်ပါရှိသည့် ကလေးထိုင်ခုံများ ရရှိနိုင်ပါသည်။

## ကလေးများ အသက်အရွယ် 4 နှစ် မှ 7 နှစ် အထိ



- ၎င်းတို့၏ အရွယ်အစားပေါ် မူတည်၍ အရှေ့ဖက် မျက်နှာမူ ထိုင်ရသည့် ကားထိုင်ခုံ သို့မဟုတ် အထူးပြုထိုင်ခုံ (booster seat) တစ်ခုတွင်ထိုင်၍ ခရီးသွားနိုင်သည်။ အထူးပြုထိုင်ခုံများ (booster seats) သည် ကလေးအား ထိုင်ခုံခါးပတ်ကြိုး အနေတော် တပ်ဆင်နိုင်သည့်နေရာရောက်အောင် မြှင့်တင်ပေးသည်။
- အကယ်၍ ကားနောက်ဖက် ထိုင်ခုံအားလုံးတွင် အသက်အရွယ် 7 နှစ်အောက် ကလေးများဖြင့် ပြည့်နေလျှင် အသက်အရွယ် 4–7 နှစ် ကလေးများသာလျှင် ကားရှေ့ထိုင်ခုံ (အထူးပြုထိုင်ခုံကိုသုံး၍) တွင်ထိုင်၍ ခရီးသွားနိုင်သည်။
- အနောက်ဖက်နှင့်အပေါ်ဖက် ချည်နှောင်သိုင်းကြိုးတပ်ဆင်ထားသည့် အထူးပြုထိုင်ခုံများ (booster seats) သည် အခြား အထူးပြုထိုင်ခုံ အမျိုးအစားများထက် ပိုမိုး၍ ဘေးကင်းလုံခြုံသည်။
- ကလေးများသည် သူတို့ အရပ် 145cm မြင့်သည့်အချိန်ထိတိုင်အောင် အထူးပြုထိုင်ခုံ (booster seat) ဖြင့် ထိုင်သင့်သည်။ အကယ်၍ သူတို့သည် အလွန်စောစီးစွာဖြင့် လူကြီး ကားခါးပတ်ကြိုးကို သုံးလျှင် သူတို့အနေဖြင့် ယာဉ်တိုက်မှုဖြစ်လျှင် ဒဏ်ရာ ရရှိမည့် အန္တရာယ် အလားအလာမှာ ပို၍ကြီးမားမည် ဖြစ်သည်။

## ကလေးထိုင်ခုံကို တပ်ဆင်ခြင်း

သင့် ကားတွင် ကလေးထိုင်ခုံ သို့မဟုတ် အထူးပြုထိုင်ခုံ (booster seat) ကို တပ်ဆင်သည့် အခါ ထုတ်လုပ်သူ၏ ညွှန်ကြားချက်များကို အမြဲတမ်း လိုက်နာပါ။

**အသက်အရွယ် 4 နှစ်အောက် ကလေးများ အတွက်**, ကလေးထိုင်ခုံ တပ်ဆင်ခြင်း ဆိုလိုသည်မှာ-

- ကားခါးပတ်ကြိုးကို အရာပေးထားသည့် အပေါက်ထဲသို့ ထိုးထည့်ပြီး ချည်နှောင်ပေးခြင်းဖြင့် ကားတွင် ကလေးထိုင်ခုံကို တပ်ဆင်ရသည်။



- အပေါ်ဖက်ရှိ ချည်နှောင်သည့် သိုင်းကြိုးကို ကားရှိအင်္ဂတိုင်တွင် တပ်ဆင်ပါ။

- သိုင်းကြိုးများသည် ကလေးအား တင်းကျပ်နေအောင် ထိန်းထားရန် ချည်နှောင်ရမည်။



**အသက်အရွယ် 4 နှစ်အထက် ကလေးများ အတွက်**, အထူးပြုထိုင်ခုံ တွင်ထိုင်၍ ခရီးသွားခြင်း

- အကယ်၍ အပေါ်ဖက် ချည်နှောင်သိုင်းကြိုး တစ်ခု ရှိလျှင် ကားအင်္ဂတိုင် တွင်တပ်ဆင်ပါ။
- ကားခါးပတ်ကြိုးကို ကလေးအားသိုင်း၍ တပ်ထားရန်လိုသည်။



## ကလေးထိုင်ခုံ တစ်ခုကို ရွေးချယ်ခြင်း

သြစတြေးလျန်း ဘေးကင်းလုံခြုံရေး စံနှုန်း (AS/NZS 1754) နှင့်ကိုက်ညီသည့် ကလေးထိုင်ခုံများနှင့် အထူးပြုထိုင်ခုံများကိုသာ သုံးခွင့်ပြုသည်။ ဆိုလိုသည်မှာ အခြား နိုင်ငံများမှ ဝယ်ယူလာသည့် ကားထိုင်ခုံများကို ခွင့်မပြုပါ။

ကလေးထိုင်ခုံ အဟောင်းများ သို့မဟုတ် အထူးပြုထိုင်ခုံ အဟောင်းများ အသုံးပြုခြင်းကို ကြိုးစား၍ ရှောင်ကြဉ်ပါ၊ ၎င်းတို့သည် ပျက်စီးနေကောင်း ပျက်စီးနေနိုင်ပြီး မလုံခြုံကောင်း မလုံခြုံနိုင်သောကြောင့်ဖြစ်သည်။

ကလေးထိုင်ခုံများကို အသုံးမပြုသည့်အတွက် ကြီးလေးသော ဒဏ်ငွေ တပ်ရိုက်ခြင်းများနှင့် လိုင်စင် အပြစ်ရမှတ်များ (demerit points) ရှိပါသည်။ ၎င်းဒဏ်ငွေများကို ကလေးထိုင်ခုံကို မှန်ကန်စွာ ကားအတွင်း မတပ်ဆင်သည့် တစ်ဦးချင်းအတွက် တပ်ရိုက်မည်ဖြစ်သည်။